# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# ပဥ္စမနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
## (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၅၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၂.၉၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၃-၁-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၅၀ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၇၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၇၂ ဦးအနက် ၃၆ ဦး ကတော့ ယမန်နေ့ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၃၆ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၅ ရက်၊

(၂) လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၆ ရက်၊

(၃) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၂ ရက်၊

(၄) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၅) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၂ ရက်၊

(၆) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၂ ရက်၊

(၇) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊

(၈) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၉) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၂ ရက်၊

(၁၀) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ခွင့် ၂ ရက်၊

(၁၁) ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ ခွင့် ၁ ရက်၊

(၁၂) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၂ ရက်၊

(၁၃) ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး ခွင့် ၂ ရက်၊

(၁၄) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၂ ရက်၊

(၁၅) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၁၆) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၂ ရက်၊

(၁၇) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၂ ရက်၊

(၁၈) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၂ ရက်၊

(၁၉) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၂ ရက်၊

(၂၀) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၂၁) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၂ ရက်၊

(၂၂) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၂ ရက်၊

(၂၃) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၂၄) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၂ ရက်၊

(၂၅) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၂၆) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၂ ရက်၊

(၂၇) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၂ ရက်၊

(၂၈) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၂ ရက်၊

(၂၉) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၂ ရက်၊

(၃၀) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၂ ရက်၊

(၃၁) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၂ ရက်၊

(၃၂) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၂ ရက်၊

(၃၃) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၂ ရက်၊

(၃၄) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်၊

(၃၅) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၂ ရက်နှင့်

(၃၆) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၂ ရက် တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၆ ဦး ယနေ့ ခွင့်ပြုထားသူ ၃၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**အခြေခံပညာ မူ၊ လယ်၊ ထက်ကျောင်းသုံးပုံနှိပ်စာအုပ်များ ရေရှည်အသုံးခံစက္ကူသားများဖြင့် အဆင့်မြင့် ရိုက်နှိပ်ထုတ်ဝေရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဂါရဝပြုဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မြန်မာ့ပညာရေးလောကကို မြင့်မားစေရန်ရည်ရွယ်ပြီးတော့ ပြည်တွင်းပြည်ပ ပညာရှင်များ၊ နိုင်ငံတကာက အကူအညီများရယူပြီး ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲတဲ့ အစီအမံများပြုလုပ်နေကြောင်း ကြားသိရပါတယ်။ ပညာရေးစနစ်ကောင်းမွန်စေဖို့အတွက် မြန်မာ့ပညာရေးမြင့်မားလာစေဖို့ဆောင်ရွက်နေသလို ပညာရှင်များမဟုတ်တဲ့ ဒေသခံပြည်သူများ ကျောင်းသားမိဘများရဲ့ဆန္ဒများကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း ယူဆမိပါတယ်။ အလားတူ ကျွန်တော်တို့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းမှာရှိတဲ့ ကျောင်းသူကျောင်းသားများဟာ နေ့စဉ်နဲ့အမျှ တစ်နှစ်တာပတ်လုံးမိမိတို့ကိုင်တွယ်သုံးစွဲနေရတဲ့ ပြဋ္ဌာန်းပုံနှိပ်စာအုပ်များအပေါ်မှာလည်းပဲ ပိုပြီးတော့ စိတ်ဝင်စားတဲ့အခြေအနေမျိုး၊ တန်ဖိုးထားကိုင်တွယ်သုံးစွဲလိုတဲ့ဆန္ဒများပိုပြီးတော့ ဖြစ်ပေါ်စေရန်ရည်ရွယ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ နိုင်ငံတော်အစိုးရနဲ့ ဝန်ကြီးဌာနရဲ့ဂုဏ်သိက္ခာကိုလည်း ထင်ဟပ်စေမယ်လို့ ယူဆပါသောကြောင့် ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှာ ပုံနှိပ်ပြဋ္ဌာန်းစာအုပ်များကို လက်ရှိပုံနှိပ်သုံးစွဲထားတဲ့စက္ကူသားထက် ရေရှည်ခံ၍ အဆင့်အတန်းပိုမိုမြင့်မားသော စက္ကူသားများနဲ့ ရိုက်နှိပ်ထုတ်ဝေပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် အကယ်၍ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်က စတင်ပြီးတော့ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းသိရှိလိုပါ၍မေးမြန်းရခြင်းဖြစ်ပါတယ်။ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းရဲ့မေးခွန်းကို ပြန်လည်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေနဲ့ ၁၉၉၃-၁၉၉၄ ပညာသင်နှစ်မှစတင်ပြီးတော့မှ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသုံးပုံနှိပ်စာအုပ်များကို ပုံနှိပ်ထုတ်လုပ်ခဲ့ပါတယ်။ ပုံနှိပ်ရာမှာ စာအုပ်အတွင်းသားကို အင်ဒိုနီးရှား၊ ကိုရီးယား၊ ဖိလစ်ပိုင်နိုင်ငံတို့မှ အရည်အသွေးကောင်းမွန်တဲ့ Newsprint Paper (48.8 gsm) စက္ကူများကို အသုံးပြု၍လည်းကောင်း၊ အဖုံးကို ပြည်တွင်းဖြစ်စက္ကူ Local Duplex (180 gsm) ကို အသုံးပြု၍လည်းကောင်း ပုံနှိပ်ထုတ်လုပ်ခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ အခြေခံပညာမူလတန်းအဆင့်ကျောင်းသုံးစာအုပ်များကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးခဲ့ပါတယ်။ အဲ့ဒီအချိန်ကစပြီး ကျောင်းသုံးစာအုပ်များအား ပြည်တွင်းဖြစ် Local Duplex(180 gsm) အစား မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူများ စိတ်ဝင်စားမှုရှိလာစေရန်အတွက် အဖုံးကိုနိုင်ငံခြားဖြစ်စက္ကူ Foreign Duplex (180 gsm)ကို ပြောင်းလဲ အသုံးပြု ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်ကစပြီး ကျောင်းသား/ကျောင်းသူတိုင်း ပုံနှိပ်စာအုပ်ကို စိတ်ဝင်စားမှုပိုမိုရှိလာစေရန်၊ တန်ဖိုးထားပြီး ရိုသေစွာကိုင်တွယ်လိုစိတ်ရှိလာစေရန်၊ အတန်းပြီးမြောက်သွားသော ကျောင်းသား/ကျောင်းသူများက နောင်နှစ်တွင် အတန်းတက်ရမည့် ကျောင်းသား/ကျောင်းသူများထံကို လက်ဆင့်ကမ်းလွှဲပြောင်းအသုံးပြုနိုင်ရန်အတွက် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသုံးစာအုပ်များကို အတွင်းစာသားရော အဖုံးစာအုပ်ပါ နိုင်ငံခြားဖြစ်အရည်အသွေးကောင်းမွန်တဲ့စက္ကူများနဲ့ ပြောင်းလဲပုံနှိပ်ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစပြီး အခြေခံပညာ ကျောင်းသုံးစာအုပ်များကို ခေတ်စနစ်နှင့်အညီ သင်ရိုးမာတိကာများ ပြင်ဆင်ရေးဆွဲပြီးနောက် အခြေခံ ပညာမူလတန်းအဆင့်ကျောင်းသုံးစာအုပ် ၂၂ မျိုးကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်းသို့ အပ်နှံ၍လည်းကောင်း၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကျောင်း သုံးစာအုပ် ၅၉ မျိုးကိုပုဂ္ဂလိကပုံနှိပ်တိုက်များသို့ အပ်နှံ၍လည်းကောင်း ပုံနှိပ်ထုတ်ဝေရန်စီစဉ်ဆောင် ရွက်လျက်ရှိပါတယ်။ ရိုက်နှိပ်မယ့်စက္ကူအမျိုးအစားကတော့ ကျွန်တော် အခုနကတင်ပြခဲ့တဲ့အတိုင်း နိုင်ငံခြားစက္ကူအဖုံး (Art Card 210 gsm) နှင့်အတွင်းစက္ကူ (Indo Wood Free 70 gsm) များကို အသုံးပြုပြီး အရည်အသွေးမြှင့်ထုတ်လုပ်ဖြန့်ဝေသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြ ရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ပင်လုံညီလာခံမှတ်တမ်းစာအုပ်တွင် ပင်လုံညီလာခံပြုလုပ်ရသည့် ရည်ရွယ်ချက်၊ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်၊ ပင်လုံစာချုပ်ပါ သဘောတူညီချက်တို့ကို ပြည့်ပြည့်စုံစုံရေးသားပြုစုထားသည့် ပင်လုံ ညီလာခံမှတ်တမ်းစာအုပ်အား ရိုက်နှိပ်ထုတ်ဝေရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ ဖြစ်ပါ တယ်။ ကျွန်တော်တို့ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်၊ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်များကို ပြန်လည် ပုံနှိပ်ထုတ်ဝေရောင်းချပေးတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ဆောင်းပါးများတွင်ဖတ်ရှုကြား သိရုံသာမက စာအုပ်စာတမ်းအဖြစ် ခိုင်ခိုင်မာမာဖတ်ရှုလေ့လာခွင့်ရရှိတဲ့အတွက် ကျေးဇူးတင်နေကြ ပါတယ်။ ယနေ့လူထုကြားမှာအပြောများနေတဲ့ ပင်လုံညီလာခံမှာလည်း ဆောင်းပါးများသာ ဖတ်ရှုနေရ ပြီး အမျိုးသားညီလာခံမှတ်တမ်းကဲ့သို့ ပြည့်ပြည့်စုံစုံမှတ်တမ်းတင်ထားသည့် ပင်လုံညီလာခံမှတ်တမ်း စာအုပ်ပြုစုရိုက်နှိပ်ထုတ်ဝေနိုင်ပါက လူငယ်များဗဟုသုတပိုမိုကြွယ်ဝလာနိုင်မှာဖြစ်ပါတယ်။ သို့ပါ၍ ပင်လုံညီလာခံမှတ်တမ်းစာအုပ်တွင် ပင်လုံညီလာခံပြုလုပ်ရသည့်ရည်ရွယ်ချက်၊ ကျင်းပသည့်နေရာ၊ မည်သည့်နေ့မှ မည်သည့်နေ့အထိ၊ ယခုအခါမှာတော့ ကျွန်တော်တို့ အကြမ်းဖျင်း ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်လို့သာသိရှိနေကြရပါတယ်။ တက်ရောက်တဲ့ကိုယ်စားလှယ်များ၊ ဆွေးနွေးတဲ့ ကိုယ်စားလှယ်များ၊ ဆွေးနွေးသည့်အကြောင်းအရာ အသေးစိတ်များ၊ နောက်ဆုံးပင်လုံစာချုပ်ပါ

သဘောတူညီချက်များ စသည်တို့ကို ပြည့်ပြည့်စုံစုံရေးသားပြုစုထားတဲ့ ပင်လုံညီလာခံမှတ်တမ်း စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေရဲ့မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေနဲ့ ပြည်သူလူထုအား အသိပညာပြန့်ပွားစေရန်နဲ့ စာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုးပွားကျယ်ပြန့်လာစေရေးအတွက် ရည်မှန်းချက်ထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းလာတဲ့ ပင်လုံညီလာခံနှင့်ပတ်သက်ပြီး ရေးသားထုတ်ဝေခဲ့တဲ့ စာအုပ်စာစောင်မြောက်များစွာရှိပြီး အချို့မှာအကြောင်းအရာအပြည့်အစုံဖော်ပြ၍လည်းကောင်း၊ အချို့မှာ လိုအပ်သည့်အစိတ်ပိုင်းကိုသာ ထုတ်နုတ်၍လည်းကောင်း ရေးသားထုတ်ဝေခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ၎င်းတို့အနက်မှ လက်လှမ်းမီသမျှတင်ပြရသော် ၁၉၇၂ ခုနှစ်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကပြုစုပြီး စာပေဗိမာန်မှထုတ်ဝေခဲ့သည့် ပင်လုံညီလာခံသမိုင်းစဉ်အကျဉ်းစာအုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ၁၉၉၀ ပြည့်နှစ်မှာ သတ္တမအကြိမ်ထုတ်ဝေခဲ့တဲ့ မဟာသရေစည်သူဦးဖေခင် (နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်)ရေးသားပြုစုပြီး ရဲခေါင်မောင်မောင် မြန်မာပြန်ဆိုရေးသားတဲ့ ကိုယ်တွေ့ပင်လုံစာအုပ်၊ ၁၉၈၄ ခုနှစ်မှာ ဦးအုန်းဖေ (ရှမ်းပြည်နယ်ဦးစီးအဖွဲ့ဝင်ဟောင်း)ရေးသားပြုစုပြီး လင်းယုန်စာပေမှ ထုတ်ဝေခဲ့တဲ့ ပင်လုံစစ်တမ်းစာအုပ်၊ ၂၀၁၂ ခုနှစ်တွင် မြန်မာ့သမိုင်းအဖွဲ့ဝင် စာရေးသူကျော်ငြိမ်း (ကျော်ဇောအောင်) ရေးသားပြုစုပြီး ပန်းမျိုးတစ်ရာစာပေမှထုတ်ဝေခဲ့တဲ့ ပင်လုံရုပ်ပုံလွှာစာအုပ် စသည်ဖြင့် စာအုပ်အများအပြားထွက်ရှိခဲ့ရာ ယနေ့ခေတ်ကာလအထိထွက်ရှိဆဲဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ပင်လုံညီလာခံစာအုပ်ကို အမျိုးသားညီလာခံမှတ်တမ်းကဲ့သို့ဖြစ်ရန်မှာ ပင်လုံညီလာခံပြုလုပ်တဲ့ရည်ရွယ်ချက်၊ ကျင်းပတဲ့နေရာ၊ မည်သည့်နေ့မှ မည်သည့်နေ့အထိ၊ တက်ရောက်ခဲ့သည့်ကိုယ်စားလှယ်များ၊ ဆွေးနွေးတဲ့ကိုယ်စားလှယ်၊ ဆွေးနွေးသည့်အကြောင်းအရာအသေးစိတ်များ၊ နောက်ဆုံးပင်လုံစာချုပ်ပါ သဘောတူညီချက်များ စသဖြင့် ပြည့်ပြည့်စုံစုံမှတ်တမ်းတင်ပြုစုရေးမှာ

သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လွတ်လပ်သောသမိုင်းပညာရှင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များပါဝင်တဲ့ကော်မရှင်ဖွဲ့စည်း၍ သမိုင်းအထောက်အထားအကိုးအကားများနှင့် အချက်အလက်ပြည့်စုံစွာဆောင်ရွက်သင့်တဲ့ အရေးကြီးကိစ္စတစ်ရပ်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပင်လုံညီလာခံမှတ်တမ်းစာအုပ်အား ပြုစုထုတ်ဝေရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တိုင်းရင်းသားဇာတ်ကားများကို မိမိဘာသာစကားဖြင့် မြန်မာစာတန်းထိုးဇာတ်ကား နှစ်မျိုးကိုဗဟိုပြု၍ ဆင်ဆာခွင့်ပြုချက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးမောင်ညို၊ စစ်တွေမဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်ညို(စစ်တွေမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသို့ ဂါရဝပြု၍ မေတ္တာပို့ပါတယ်။ အားလုံးကျန်းမာကြပါစေ။ ချမ်းသာကြပါစေ။ အန္တရာယ်ကင်းကြပါစေ။ ကျွန်တော်ကတော့ စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရခိုင်ဘာသာစကားပြော ဗွီဒီယိုကိစ္စနှင့် မေးလိုပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ အနုပညာလောကတွင် ဗမာစကားများသည် ဗွီဒီယိုနှင့် ရုပ်ရှင်လောကတွင် အခြားတိုင်းရင်းသားများထက်စော၍ ထင်ပေါ်ကျော်စောသည်ကို ဖုံးကွယ်၍ မရကောင်းပါ။ တခြားတိုင်းရင်းသားများ ဘာသာစကားပြောနှင့် ယဉ်ကျေးမှုအနုပညာများ မပျောက်မပျက်ရန် ရည်ရွယ်၍ ထိန်းသိမ်းသည့်အနေဖြင့် တိုင်းရင်းသားဘာသာစကားပြော ဇာတ်ကားများထွက်ပေါ်လာပါတယ်။ ရုပ်ရှင်လုပ်ငန်းမှကူညီပံ့ပိုးမှုဖြင့် ဆင်ဆာခွင့်ပြုချက်များ ပေးခဲ့သော်လည်း တိုင်းရင်းသားဘာသာစကားပြောများ ဆင်ဆာရရှိနိုင်ရန် ခွင့်ပြုချက်များတင်သည့်အခါ အခက်အခဲမြောက်များစွာကျော်လွှားရပါတယ်။ အထူးသဖြင့် မြန်မာစာတန်းထိုးပါဟု ညွှန်ကြားထားတဲ့အတွက် ပြည်နယ်အဖွဲ့အစည်းများထံမှ ထောက်ခံစာယူခြင်း၊ တောင်းပြီးတော့ အခွေတွေသွားပို့ရခြင်း၊ အချိန်ကြာပြီးအလုပ်မဖြစ် ဖြစ်နေပါတယ်။ ပိုက်ဆံလည်းကုန်ကျပါတယ်။ လူကိုယ်တိုင်သွားရ၊ ရိုက်ခွေတွေကို ကြိုတင်ပြီးပေးရ အလုပ်များပါတယ်။ မတော်တဆ ရိုက်ခွေတွေပို့ပြီးတော့ ထောက်ခံချက်ယူတဲ့အခါ ရိုက်ခွေပျောက်ပျက်သွားရင်၊ မပြရသေးဘဲ အဲ့ဒီဇာတ်ကားကအစောကြီးပေါက်နေရင် အဲ့ဒီဇာတ်ကား

ဟာသုံးလို့မရဖြစ်နေပါတယ်။ ယနေ့ထိရိုးသားမှုရှိသော်လည်း နောင်တွင်မရိုးသားလို့ရှိရင် ဒုက္ခရောက်ပါတယ်။ ပြည်နယ်အသီးသီးသို့ပို့ပြီး ထောက်ခံချက်ယူသည့်အခါမှာ လုပ်ငန်းအဆင့်ဆင့်ဖြင့် အချိန်ကုန်ပါတယ်။ ငွေကုန်ကြေးကျများပါတယ်။ ဒီလိုခက်ခဲမှုကြောင့် မသမာသူများ ဆင်ဆာမဲ့ခိုးထုတ်နေကြပါတယ်။ အကယ်၍ မြန်မာစာတန်းထိုးသည်ဖြစ်စေ၊ မထိုးသည်ဖြစ်စေ၊ တိုင်းရင်းသားဘာသာစကားနှင့်ရိုက်သည်ဖြစ်စေ လွယ်ကူသည့်နည်းလမ်းမှာ ဒေသဆိုင်ရာစကားကျွမ်းကျင်သော၊ ယဉ်ကျေးမှုကျွမ်းကျင်သော၊ ဒေသဆိုင်ရာတိုင်း ဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဆင်ဆာစစ်ဆေးရန် ဗဟိုပြု၍ဆောင်ရွက်ပါက အထက်ပါအစီရင်ခံသည့်အခက်အခဲများ ကျော်လွှားနိုင်မှာပါ။

ရုပ်ရှင်လုပ်ငန်းဗဟိုဌာနမှ ဆင်ဆာခွင့်ပြုချက်ပေးပြီး၊ စစ်ဆေးပြီး တန်ဖိုးကြီးသော်လည်း လုပ်ငန်းအားဖြင့် လက်တွေ့မှာအခက်အခဲရှိပါတယ်။ ကျွန်တော်သည်ရခိုင်တန်ဆောင် ဗွီဒီယိုထုတ်လုပ်ရေးလုပ်ငန်းကို ရခိုင်ဘာသာစကားဖြင့် ရခိုင်ဇာတ်ကားပေါင်း ၂၂ ကားကိုရိုက်ကူးခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဇာတ်ကားပေါင်းပျှမ်းမျှ တစ်နှစ်လျှင် ဇာတ်ကားတစ်ခုသာတင်ခွင့်ရပါတယ်။ အလုပ်လုပ်သည့်အခါ ထောက်ခံချက်ရယူသည့်ကိစ္စများ အလွန်ကြန့်ကြာပါတယ်။ ဇာတ်ကားများမထွက်မီ ဇာတ်ကားပေါက်မှာ စိုးရိမ်နေရပါတယ်။ တိုင်းရင်းသားဘာသာစကားဖြင့် ဇာတ်ကားများများထုတ်လေလေ တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှုဖလှယ်ခွင့်ရလေလေဖြင့် တိုးတက်နိုင်ပါတယ်။ ဗွီဒီယိုနှင့်ရုပ်ရှင်လုပ်ငန်းကို ဆင်ဆာတင်ခွင့်ပေးရာတွင်လည်း စနစ်အဆင့်စုံပြောင်းရန်အချိန်ကျနေပါပြီ။ တိုင်းရင်းသားဘာသာစကားဖြင့် ဗွီဒီယိုဇာတ်ကားရိုက်ရာတွင် လွယ်ကူပါတယ်။ ဗွီဒီယိုရိုက်သည့်ဇာတ်ကား သို့မဟုတ် မြန်မာစာတန်းထိုး နှစ်မျိုးစလုံး ရိုက်ရင်လည်းလွယ်ပါတယ်။ ဒါပေမယ့်လို့ အခက်အခဲက ထောက်ခံစာယူရတဲ့အခက်အခဲများပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးခွင့်ပြုပါ။ (၁) တိုင်းရင်းသားဇာတ်ကားများကို ဆင်ဆာပေးသည့်အခါ မိမိဘာသာစကားဖြင့် ပြောသည့်ဇာတ်ကားတစ်မျိုး၊ မြန်မာဘာသာစာတန်းထိုးသည့် ဇာတ်ကားတစ်မျိုး၊ နှစ်မျိုးစလုံးကို တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဗဟိုပြု၍ ဆင်ဆာခွင့်ပြုချက်ပေးရန် အစီအစဉ်ရှိပါသလား။ (၂) ဆင်ဆာခွင့်ပြုချက်ပေးရန် အစီအစဉ်သစ်များ ဆောင်ရွက်ရမည်ဆိုပါက မည်သည့်ခုနှစ်တွင် စတင်ဆောင်ရွက်ပါမည်နည်း။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုရဲ့မေးခွန်းကို ပြန်လည်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗွီဒီယိုဆင်ဆာအဖွဲ့ကို ဆင်ဆာကြည့်ရှုစစ်ဆေးပေးရန် ရခိုင်တိုင်းရင်းသားစကားပြော ဇာတ်ကားများအပြင် ရှမ်းစကားပြောနဲ့ ကချင်စကားပြောစတဲ့ဇာတ်ကားများ၊ တိုင်းရင်းသားဘာသာတေးစီးရီး ကာရာအိုကေများပေးပို့ပြီးတော့မှ ဆင်ဆာစစ်ဆေးမှုခံယူလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှထုတ်လုပ်ဖြန့်ချိတဲ့ ဇာတ်ကားများ၊ ကာရာအိုကေများအားလုံးအတွက် နိုင်ငံတော်ပြန်တမ်းနှင့်ဖွဲ့စည်းပေးထားတဲ့ ဗွီဒီယိုဆင်ဆာအဖွဲ့ကသာ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ တိုင်းရင်းသားစကားပြော ဇာတ်ကားများနဲ့ တိုင်းရင်းသားဘာသာတေးစီးရီးများနဲ့ပတ်သက်ပြီး ဇာတ်ကားပါစာတန်းထိုးနဲ့ သရုပ်ဆောင်များရဲ့ပြောစကားများမှန်ကန်မှုရှိ/မရှိ၊ ငြိစွန်းသောစကားများ ပါရှိခြင်းရှိ/မရှိ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ ဝတ်စားဆင်ယင်မှုရှိ/မရှိ၊ အသုံးအဆောင်များ မှန်ကန်မှုရှိ/မရှိစသည်တို့ကို သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များရဲ့ထောက်ခံချက်နှင့် ဗွီဒီယိုဆင်ဆာအဖွဲ့က စစ်ဆေးခွင့်ပြုပေးလျက်ရှိပါတယ်။ ဗွီဒီယိုဆင်ဆာအဖွဲ့အနေနဲ့ ဆင်ဆာစစ်ဆေးမှုခံယူတဲ့ မြန်မာဗွီဒီယိုဇာတ်ကားများကို တစ်ပတ်လျှင် ဇာတ်ကား ၂၀ မှ ၂၅ ကားအထိ ကြည့်ရှုစစ်ဆေးပေးလျက်ရှိပါတယ်။ ဆင်ဆာတင်တဲ့ရက်ကစပြီး ဇာတ်ကားအနည်းအများအလိုက် ရက်သတ္တပတ် နှစ်ပတ်မှ လေးပတ် ကြာမြင့်သော်လည်းပဲ တိုင်းရင်းသားဇာတ်ကားများနဲ့ ကာရာအိုကေများအတွက် ဆင်ဆာစစ်ဆေးမှုခံယူရန် ဆင်ဆာရုံးကို လာရောက်တင်ပြသည်နှင့်တစ်ပြိုင်နက် အခက်အခဲမရှိ လျင်မြန်ချောမွေ့စွာ အနီးစပ်ဆုံး ဆင်ဆာအစည်းအဝေးမှာ စစ်ဆေးခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါတယ်။

တရားဝင်ဆင်ဆာစစ်ဆေးမှုခံယူခဲ့တဲ့ တိုင်းရင်းသားဇာတ်လမ်း၊ တေးစီးရီးရိုက်ကူးမှုများကို အနီးစပ်ဆုံး သုံးနှစ်တာကာလရဲ့အခြေအနေကို တင်ပြရမယ်ဆိုရင် ရှမ်းတိုင်းရင်းသားဇာတ်လမ်း၊ တေးစီးရီးအနေနဲ့ ၂၀၁၁ ခုနှစ်မှာ ရှစ်ခု၊ ၂၀၁၂ ခုနှစ်မှာ ၁၈ ခု၊ ၂၀၁၃ ခုနှစ်မှာ ၁၅ ခု ရှိပါတယ်။ ကချင်တိုင်းရင်းသားဇာတ်လမ်း၊ တေးစီးရီးအနေနဲ့ ၂၀၁၁ ခုနှစ်မှာ နှစ်ခု၊ ၂၀၁၂ ခုနှစ်မှာ တစ်ခုနှင့် ၂၀၁၃ ခုနှစ်မှာ နှစ်ခု ရှိပါတယ်။ ရခိုင်တိုင်းရင်းသားဇာတ်လမ်း၊ တေးစီးရီးအနေနဲ့၂၀၁၁ ခုနှစ်မှာ နှစ်ခု၊ ၂၀၁၃ ခုနှစ်မှာ တစ်ခုနှင့် မွန်တိုင်းရင်းသားဇာတ်လမ်း၊ တေးစီးရီးအနေနဲ့ ၂၀၁၂ ခုနှစ်မှာ တစ်ခု၊

၂၀၁၃ ခုနှစ်မှာ သုံးခုတို့ရှိကြောင်းတွေ့ရှိရပါတယ်။ တိုင်းရင်းသားဇာတ်လမ်း၊ တေးစီးရီးထုတ်လုပ်ခြင်း အတွက် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးများအတွင်း ဆင်ဆာအဖွဲ့များဖွဲ့စည်းပြီး စစ်ဆေးရန် ကိစ္စမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေပြုစာရင်းဇယား(၂)တွင် မပါဝင်တဲ့ အပြင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဗွီဒီယိုဆင်ဆာအဖွဲ့အား သီးခြားဖွဲ့စည်းပေးမည်ဆိုပါက ရုပ်မြင်သံကြားနှင့်ဗွီဒီယိုဥပဒေတွင် ဆင်ဆာတစ်ဖွဲ့တည်းသာ ပါရှိနေသဖြင့် ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေကိုပါ ပြင်ဆင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို၏မေးခွန်း ပတ်သက်ပြီး တိုင်းရင်းသားဇာတ်ကားများကို ဆင်ဆာခွင့်ပြုသည့်အခါ မိမိဘာသာစကားနဲ့ပြောတဲ့ ဇာတ်ကားတစ်မျိုး၊ မြန်မာစာတန်းထိုးဇာတ်ကားတစ်မျိုး နှစ်မျိုးနှစ်စားကို ပြည်နယ်/တိုင်းဒေသကြီး နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှာ ဆင်ဆာခွင့်ပြုချက်ပေးနိုင်ရေး လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရေးမြို့နယ်၊ ကဗျာဝကျေးရွာတွင် လိုအပ်နေသော တံတားနှင့် ကော့ဒွတ်-ကတို့ဆိပ်ကျေးရွာမှ နှစ်ကရင် ကျေးရွာသို့ ဆက်သွယ်ပေးသော တံတားများကို ၂၀၁၃-၂၀၁၄ ဘတ်ဂျက်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များရှင်၊ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုလိုက်ပါတယ် ရှင်။ ကျွန်မကတော့ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင့်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မမေးချင်တဲ့မေးခွန်းက ကျွန်မတို့ရဲ့ ရေးမြို့နယ်၊ ခေါဇာ မြို့နယ်ခွဲ၊ ကဗျာဝကျေးရွာတွင် ရွာအဝင်တံတားတစ်စင်း ၉ လပိုင်းတွင် ကျိုးပျက်သွားခဲ့ပါတယ်။ ယင်း တံတားသည် ၎င်းကျေးရွာရဲ့ အားထားရသော တံတားတစ်စင်းလည်း ဖြစ်ပါတယ်။ ကဗျာဝကျေးရွာ သည် ရွာအမည်နှင့်လိုက်ဖက်စွာ တကယ့်သဘာဝစစ်စစ်များစွာ ကျန်ရစ်ပြီးတော့ သာယာလှပပြီးတော့ ကဗျာဆန်သောကျေးရွာတစ်ရွာလည်း ဖြစ်ပါတယ်။

ငင်းကျေးရွာကို ကျွန်မတို့ရဲ့ မွန်ပြည်နယ်ဝန်ကြီးချုပ်က ပင်လယ်ကမ်းခြေ Beach တစ်ခုအဖြစ် ဆောင်ရွက်ရန်ရည်ရွယ်ထားသော ကျေးရွာတစ်ရွာလည်း ဖြစ်ပါတယ်ရှင်။ နောက်တစ်ခုက လမိုင်းမြို့နယ်ခွဲ ကော့ဒွတ်-ကတို့ဆိပ်ကျေးရွာနှင့် နှစ်ကရင်ကျေးရွာသို့သွားသော ကတို့ချောင်းတွင် တံတားတစ်စင်းတည်ဆောက်ဖို့အတွက်ကိုလည်း လိုအပ်နေပါတယ်ရှင်။ ယင်းတံတားသည် ကရကောက် ရေနက်ဆိပ်ကမ်းတည်ဆောက်ရာတွင် အထောက်အကူပြုသော တံတားတစ်စင်းဖြစ်သောကြောင့် ကျွန်မ၏မဲဆန္ဒနယ်ကိုယ်စား မေးမြန်းရတာဖြစ်ပါတယ်ရှင်။

ကျွန်မရဲ့မေးခွန်းက (က) ကဗျာဝကျေးရွာတွင် လိုအပ်နေသော တံတားကို ၂၀၁၃-၂၀၁၄ ဘတ်ဂျက်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိပါသလား။ (ခ) ကော့ဒွတ်-ကတို့ဆိပ်ကျေးရွာမှ နှစ်ကရင်ကျေးရွာသို့ ဆက်သွယ်ပေးသော တံတားတစ်စင်းကို ၂၀၁၄-၂၀၁၅ ခုနှစ် ဘတ်ဂျက်တွင် တည်ဆောက်ပေးဖို့ အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိလျှင် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်။ အစီအစဉ်မရှိလျှင်လည်း အဘယ့်ကြောင့်အစီအစဉ်မရှိတာကိုလည်း ဖြေကြားပေးစေလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။ (သြဘာသံများ)

**ရှောင်မြို့၊ ဆင်ခြေဖုံးရှိ ရေကန် ကိုး ကန်အနက် အချို့ကန်များတွင် ဆောင်ရွက်ပေးမည့်လုပ်ငန်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်း၊ ရှောင်မဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရှောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှောင်မြို့နယ်ဟာ ရေရှားပါးသောမြို့နယ်တစ်ခု ဖြစ်ပါတယ်။ ၁၉၈၁ ခုနှစ်ခန့်က ရှောင်မြို့နယ်ပေါ်ရှိ ရေကန်များတွင် ရေခန်းခြောက်ပြီး ရေပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ရာ မြို့ပေါ်ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများကိုပင် မိမိတို့မြို့နယ်အတွင်းရှိ ရေပေါများရာဒေသများသို့ ရွှေ့ပြောင်းရမည့်အခြေအနေထိ ရောက်ရှိခဲ့ဖူးပါတယ်။ သို့ဖြစ်သည့်အားလျော်စွာ ရှောင်မြို့နှင့် ပတ်ဝန်းကျင်တွင်နေထိုင်နေကြသော ပြည်သူလူထုများအနေဖြင့်လည်း ရေကန် ကိုး ကန်နှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်သောကဖြစ်မှုများ နှစ်စဉ်ဖြစ်ပေါ်ခံစားနေကြရပါတယ်။

ဝင်းကိစ္စအတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်းအဖြစ်မေးမြန်းခဲ့ရာ ၂၁-၁၁-၂၀၁၂ ရက်စွဲဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေး ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါတယ်။ ဖြေကြားချက်များအနက် အပိုဒ်(ဂ) အပိုဒ်ခွဲ ၅ တွင် ကန် ကိုး ကန်အနက် အလယ်ကန်၊ ဆင်ဖြူကန်၊ နန္ဒာနန်ကန်-၁၊ မြနန္ဒာနန် ကန်-၂ တို့မှာ ရေပိုမိုမြှင့်တင်ရန်အတွက် ကန်ဘောင်ပြင်သင့်ရန် လိုအပ်ခြင်းမရှိပါ။ အင်းကုန်းငါးဆူ ကန်နှင့် ကိုဝင်းကန်တို့သည်ကန်ပေါင်မြှင့်တင်မည်ဖြစ်ပြီး မြစ်သောင်ကန်နှင့်လိပ်အင်းကန်များတွင် တာဘောင်မှ ရေယိုစိမ့်မှုရှိ၍ ပိုမိုကြံ့ခိုင်ကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျို့အင်း ကန်တွင် ရေဝင်ရေထွက် ထိန်းညှိနိုင်မည့်ရေထွက်ပေါက်တစ်ခု တည်ဆောက်မည်ကိုလည်းကောင်း၊ အပိုဒ်ခွဲ ၆ တွင် အထက်ဖော်ပြပါကန်များအား တာပေါင်မြှင့်တင်ခြင်း၊ တာပေါင်ပိုမိုကြံ့ခိုင်မှုအတွက် ဆောင်ရွက်ခြင်း၊ ရေထုတ်ပေါက်တပ်ဆင်ခြင်းနှင့် ကန်အတွင်းသဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ခန့်မှန်းကုန်ကျငွေ တွက်ချက်၍ ရန်ပုံငွေတင်ပြတောင်းခံထားပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်သွားမည်ဟု လည်းကောင်း ပါရှိခဲ့ပါသော်လည်း ဆောင်ရွက်ပေးမည့်အချိန်ကာလမှု မပါရှိခဲ့ပါ။ ရေကန် ကိုး ကန် အနက် လုပ်ငန်းများလုပ်ပေးရန် လိုအပ်လျက်ရှိသည့် အချို့ကန်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ လာရောက် ဆောင်ရွက်ပေးမည် ဆိုသည့်အသံကို ကြားသိရုံကာမျှဖြင့် ဒေသခံပြည်သူလူထုအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ရှိကြပါတယ်။ လာရောက်ဆောင်ရွက်ပေးမည့် အချိန်ကာလကိုလည်း စောင့်ကြိုလျက်ရှိကြပါတယ်။

သို့ဖြစ်၍ ရှာငံမြို့ ဆင်ခြေဖုံးရှိ ရေကန် ကိုး ကန်အနက် အချို့ကန်များတွင် ဆောင်ရွက်ပေးမည့် လုပ်ငန်းများအား (က) မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ဆိုသည်ကို သိရှိလိုပါ သည်။ (ခ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိ ဆိုသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ကိုယ်စားလှယ် နှစ်ဦးရဲ့ မေးမြန်းချက် ကို တစ်ပေါင်းတည်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)** ။ ။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ၄င်းမေးခွန်းနဲ့ပတ်သက်ပြီး ရေးမြို့နယ်၊ ခေါဇာမြို့နယ်ခွဲ၊ ကဗျာဝကျေးရွာအဝင်တွင်ရှိသည့် အရှည် ၃၇၅ ပေ ရှိတဲ့ သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် ၂၆၂.၅သန်းကျော် ကုန်ကျမှာ ဖြစ်ပါသည်။ ခေါဇာမြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ဟာ ဝင်ငွေမရှိတဲ့မြို့နယ်ခွဲဖြစ်တဲ့အတွက်ကြောင့် အာရှဖွံ့ဖြိုးရေးဘဏ် အကူအညီနဲ့ဆောင်ရွက်နိုင်ရန် ညှိနှိုင်းထားဆဲဖြစ်ပြီးတော့ အကူအညီရရှိမှုအပေါ်မူတည်ပြီးတော့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လမိုင်းမြို့နယ်ခွဲ ကော့ဒွတ်-ကတို့ဆိပ်ကျေးရွာနှင့် နှစ်ကရင်ကျေးရွာသို့သွားတဲ့ လမ်းပေါ်မှာရှိတဲ့ ကတို့ချောင်းဟာ ကပ္ပလီပင်လယ်ဝမှာ တည်ရှိတဲ့ချောင်းဖြစ်ပြီးတော့ ရေစီးသန်ပြီးတော့ အလျားကျယ်တဲ့ချောင်းဖြစ်ပြီးတော့ တံတားတည်ဆောက်မည်ဆိုလို့ရှိရင် ကုန်ကျစရိတ်အလွန်များပြားမှာ ဖြစ်ပါတယ်။ ယခုအခါမှာ ကတို့ဆိပ်မှလှေ၊ သင်္ဗာန်တို့ဖြင့် ရေလမ်းခရီးကိုလည်းကောင်း၊ ကတို့ဆိပ်-ကော့ဒွတ်-လမိုင်း-မော့ကနင်-ဝယ်ဖယ်-နှစ်ကရင် ကုန်းလမ်းခရီးကိုလည်းကောင်း အဆင်ပြေချောမွေ့စွာသွားလာနိုင်တဲ့အတွက်ကြောင့် ၂၀၁၃-၂၀၁၄ ခုနှစ်ဘတ်ဂျက်မှာ အဆိုပါတံတားကို တည်ဆောက်ရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း မေးမြန်းခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ၄င်းမေးခွန်းနဲ့ပတ်သက်ပြီး ရွာငံမြို့နယ်၊ ကန် ကိုး ကန်အနက် အင်းကုန်းဘုရားငါးဆူကန် ပြန်လည်ပြုပြင်ရန်အတွက် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်ပြည်နယ်ရန်ပုံငွေ(ငွေလုံးငွေရင်း)လျာထားချက်မှာပါဝင်တဲ့ လုပ်ငန်းများစာရင်းမှာ ထည့်သွင်းလျာထားပါတယ်။ ရန်ပုံငွေရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရေကန်ကိုး ကန်ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊

စည်ပင်သာယာရေးကော်မတီနှင့် မြို့မိမြို့ဖများနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်မှုဦးစီးဌာနမှဆောင်ရွက်ရန် ပံ့ပိုးပေးထားတဲ့ ဒိဇာနှင့် ဒေသတွင်းလုပ်ငန်းရှင်များရဲ့ မြေ ကော်စက်အကူအညီတို့ကို အသုံးပြုပြီးတော့ ကိုယ့်အားကိုယ်ကိုး၍လည်း ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မောက်မယ်မြို့နယ်၏ အားကစားကွင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန်နှင့် နည်းစနစ်မှူးခန့်ထားပေးမည့် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းငေါင်ဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်ဆိုင်ဟိန်း (မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဧည့်သည်တော် များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က တော ရှမ်းပြည်နယ်တောင်ပိုင်းလင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းငေါင်ဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ်၏ မြို့နယ်အဆင့် အားကစားကဏ္ဍမြှင့်တင်ပေးနိုင်ပါရန် စပ်လျဉ်း၍ မြို့မိမြို့ဖများ အထောက်အကူပြုကော်မတီများ၏ တင်ပြတောင်းဆိုချက်အရ မေးခွန်းမေးမြန်းခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ် လူထုအားကစားကွင်းသည် ယခင်က မြို့လယ်ခေါင်ဈေးတန်းရပ်ကွက်တွင် တည်ရှိပြီး လူထုအစည်းအဝေးပွဲ၊ အားကစားပွဲနှင့် နိုင်ငံတော် နေ့ကြီးရက်ကြီးအခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ဖူးပါသည်။ ၎င်းနေရာကို ပြည်သူ့ဆေးရုံနှင့်ဝန်ထမ်းနေအိမ်၊ သံဃာဆောင်တည်ဆောက်ပြီးနောက်ပိုင်း အားကစား ကွင်းနေရာလည်းပျောက်သွားခဲ့ရပါသည်။ လင်းခေးခရိုင်တွင် မြို့နယ်တိုင်း၌ အားကစားကွင်းကိုယ်စီ ရှိကြသော်လည်း ကျွန်တော်တို့ မောက်မယ်မြို့နယ်တွင် အားကစားကွင်း နေရာမရှိတော့ပါ။ ပြန်လည်ဖော်ဆောင်ထားသော နေရာများတွင်လည်း အဆင့်မမီသဖြင့် ခြုံနွယ်ပိတ်ပေါင်းများထ နေလျက်ရှိနေပါသည်။ အထိမ်းအမှတ် အားကစားပွဲများ၊ ဘောလုံးပြိုင်ပွဲများကို မြို့နယ်ဂေါက်ကွင်း ကိုးကျင်းရှိသော ကွင်းငယ်လေး၌ ခေတ္တခဏ အသုံးပြုနေရပါသည်။ အခုအခါ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကြီးအောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်ပါသဖြင့် ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အသီးသီး၏ အားကစားကဏ္ဍလိုအပ်ချက်များကို နိုင်ငံတော်မှ ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဟု ယုံကြည်ပါသည်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်။ မေးခွန်း(၁) မောက်မယ်မြို့နယ်၏ အားကစားကွင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ပါမည်လား။ မေးခွန်း(၂) အားကစားမြှင့်တင်ရန်နည်းစနစ်မှူး ခန့်ထားပေးမည့်အစီအစဥ်ရှိ/မရှိနှင့် မည်ကဲ့သို့ လျှောက်ထားဆောင်ရွက်ရမည်ကို အသေးစိတ်သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်ခင်ဗျား။ (ဩဘာသံများ)

**မိုင်းရှူးမြို့နယ်တွင် မြို့နယ်အဆင့်အားကစားကွင်း၊ ဘောလုံးကွင်းတည်ဆောက်ပေးရန် အစီအစဥ် ရှိ/မရှိနှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်တင်ရွှေ မိုင်းရှူးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်တင်ရွှေ(မိုင်းရှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရွှေဖြစ်ပါတယ်။ မြို့နယ်အတွက်လိုအပ်လျက်ရှိတဲ့ အားကစား ကွင်းနဲ့စပ်လျဥ်းတဲ့ မေးခွန်းကို ကျွန်တော်တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းရှူးမြို့နယ်ဟာ အားကစားများကို အထူးစိတ်ဝင် စားပြီး ထူးချွန်တဲ့လူငယ်အားကစားသမားများလည်းရှိပါတယ်။ အနာဂတ်ထူးချွန်တဲ့ လူငယ်အားက စားသမားများ ပေါ်ထွန်းလာရေးအတွက် ရည်ရွယ်ပြီးတော့ မြို့နယ်အဆင့်စံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့ အားကစားကွင်းဖြစ်ပေါ်ရေးအတွက် လိုအပ်တဲ့မြေနေရာများကိုလည်း ရရှိထားပြီးဖြစ်ပါတယ်။ သို့ပါ၍ ကျွန်တော်မေးမြန်းလိုသော မေးခွန်းမှာ (၁) မိုင်းရှူးမြို့တွင် အားကစားကွင်း၊ ဘောလုံးကွင်း တည်ဆောက်ပေးရန် အစီအစဥ်ရှိပါသလား။ မေးခွန်း(၂) ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးပါမည်နည်း။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း မေးမြန်းခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆို သွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းနှင့်ပတ်သက်ပြီး မောက်မယ်မြို့နယ်မှာ အားကစားဝန်ကြီးဌာနပိုင် ကွင်းမြေဧရိယာရရှိထားခြင်းမရှိသေးပါ။ ထို့အပြင် အားကစားနှင့်ကာယပညာဦးစီးဌာန ဖွင့်လှစ်ထားနိုင်မှုမရှိသေးတဲ့အတွက်ကြောင့် ဝန်ထမ်းများခန့်အပ်ထားနိုင်မှု မရှိသေးပါ။ မြို့နယ်အဆင့်မှီ အားကစားကွင်းတည်ဆောက်မည်ဆိုပါက မြေဧရိယာမှာ ပေ ၆၀၀xပေ ၄၀၀ (ခြောက်ဧက)လိုအပ်မှာ ဖြစ်ပါသည်။ မောက်မယ်မြို့နယ်မှာ အားကစားကွင်းတည်ဆောက်ရန် ဧရိယာ ပြည့်မီတဲ့မြေရရှိပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဘဏ္ဍာရန်ပုံငွေတင်ပြတောင်းခံပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အားကစားကွင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မောက်မယ်မြို့နယ်မှာ အားကစားကွင်းရရှိလာပါက မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဖွင့်လှစ်မည်ဖြစ်ပြီးတော့ ဝန်ထမ်းများလည်း ခန့်အပ်ပေးသွားမှာဖြစ်ပါတယ်။ ဝန်ထမ်းများခန့်အပ်ရာတွင် နည်းပြ/နည်းစနစ်မှူးရဲ့အရည်အချင်းမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ရွေးစင်ဖြစ်ပြီး ပညာအရည်အချင်းမှာဘွဲ့ရဖြစ်ရပါမည်။ မြန်မာ့လက်ရွေးစင်ဖြစ်ပါက ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားပေးမည်ဖြစ်ပါတယ်။ မောက်မယ်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ဦးစွာတင်ပြလျှောက်ထားပြီးတော့ လင်းခေးခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနမှတစ်ဆင့် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ တင်ပြလျှောက်ထားရမှာ ဖြစ်ပါတယ်။ ထိုမှ တစ်ဆင့်သတ်မှတ်အရည်အချင်းနှင့် ပြည့်မီလို့ရှိလျှင် အားကစားဝန်ကြီးဌာနသို့ ဆက်လက်တင်ပြပြီး ဝန်ထမ်းခန့်ထားပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရွှေ မေးမြန်းခဲ့တဲ့မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စားပြန်လည် ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းနှင့်ပတ်သက်ပြီး မိုင်းရှူးမြို့နယ် အားကစားကွင်းဟာ ၂၇-၅-၂၀၁၁ မှ ၂၆-၅-၂၀၄၁ ထိနှစ် ၃၀ သက်တမ်းဂရန်မြေ ရရှိထားပါသော်လည်း အားကစားကွင်းမြေဧရိယာမှာ ၄.၆၅ ဧကသာရှိပါသည်။ မြို့နယ်အဆင့်အားကစားကွင်း

မီတာ၄၀၀ ပြေးလမ်းနှင့်ပွဲကြည့်စင်ပါ ဘောလုံးကွင်း တည်ဆောက်မည်ဆိုပါက အနည်းဆုံးမြေဧရိယာ ပေ ၆၀၀ xပေ ၄၀၀(ခြောက်ဧက) လိုအပ်မှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် မိုင်းရှူးမြို့နယ်တွင် မြို့နယ်အဆင့်အားကစားကွင်း တည်ဆောက်ရန်အတွက် သတ်မှတ်မြေဧရိယာခြောက်ဧက မပြည့်မီပါက သာမန်ဘောလုံးကွင်း၊ အားကစားကွင်းတစ်ခုသာ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ သာမန် ဘောလုံးအားကစားကွင်း တစ်ခုတည်ဆောက်နိုင်ရေးအတွက်ကို ရန်ပုံငွေရရှိမှုပေါ် မူတည်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားရန်ပြီးဆုံးတဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများပြန်လည်ထွက်ခွာနိုင်ပါပြီ။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းကို ၁-၁၀-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဆွေးနွေးလိုသူများကိုလည်း ၄-၁၀-၂၀၁၃ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းပေးရန်တောင်းခံပြီးလည်းဖြစ်ပါတယ်။ ယခုပြင်ဆင်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ခြင်းမပြုသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ခြင်းများကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်သည့်အချက်များကို ဥပဒေကြမ်းကော်မတီမှ လွှတ်တော်မှာတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့မှ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ဖို့ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့မှ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ဃ)တို့အရ အပိုင်း ၃ ပိုင်းခွဲပြီး အတည်ပြုပေးနိုင်ပါရန် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီမှ သဘောတူထားသည့် အချက် ၄၃ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

ပုဒ်မ ၂ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)၊ ပုဒ်မ ၂ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၃ ပုဒ်မခွဲငယ်(က)၊ ပုဒ်မ ၅ ပုဒ်မခွဲ (င) ပုဒ်မခွဲ(ဈ)၊ ပုဒ်မ ၆ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၇ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) မူလပုဒ်မ ၆ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၇ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(င)၊ ပုဒ်မ ၉ အခန်း(၄)၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ နှင့် ဘေးခေါင်းစဉ်၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၁ အခန်း(၅)၊ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဌ)၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၇၊ အခန်း(၆)၊ ပုဒ်မ ၂၈၊ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀ မူလပုဒ်မ ၃၅ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၇ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၅ မူလအခန်း(၆)ပယ်ဖျက်ခြင်း၊ ပုဒ်မ ၄၇၊ ပုဒ်မ ၅၀၊ ပုဒ်မ ၅၁ ပုဒ်မခွဲ(က)နှင့်ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၅၃ ပုဒ်မခွဲ(က)နှင့်ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၅၄၊ ပုဒ်မ ၅၇၊ ပုဒ်မ ၅၈ မူလပုဒ်မ ၆၄၊ ပုဒ်မ ၆၀၊ ပုဒ်မ ၆၂၊ ပုဒ်မ ၆၉ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဥပဒေကြမ်းကော်မတီမှ သဘောတူထားသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ၄၃ ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်များအနက် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း ၄၃ ချက်ကိုသာ ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ ၄၃ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်များအနက်မှ ဥပဒေကြမ်း ကော်မတီက သဘောတူထားတဲ့ ၄၃ ချက်ကိုအမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီက တင်ပြဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ဤဥပဒေကြမ်းပါ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များအတိုင်းမဟုတ်ဘဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ရန်တင်ပြချက် ၃၅ ချက်ရှိပါကြောင်းနှင့် ဒီ ၃၅ ချက်ကတော့ စာမျက်နှာ ၃၊ ပုဒ်မ ၂ ပုဒ်မခွဲ (ခ) ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅၊ ပုဒ်မ ၂ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်နှင့် အမှတ်စဉ် ၆ ပုဒ်မခွဲငယ် ၃ ပုဒ်မခွဲငယ် ၄ ပယ်ဖျက်ခြင်း၊ အမှတ်စဉ် ၈ ပုဒ်မ ၂ ပုဒ်မခွဲ(င)၊ ပုဒ်မ ၃ ပုဒ်မခွဲ (ခ)၊ (ဂ)နဲ့ (ဃ)၊ အမှတ်စဉ် ၁၄ အခန်း ၃ ခေါင်းစဉ်၊ အမှတ်စဉ် ၁၉ ပုဒ်မ ၅ ပုဒ်မခွဲ (ဇ)ပယ်ဖျက်ခြင်း၊ အမှတ်စဉ် ၂၃ ပုဒ်မ ၆ ပုဒ်မခွဲ (ဆ) ပုဒ်မခွဲငယ် ၁၊ အမှတ်စဉ် ၂၆ ပုဒ်မ ၈ ပုဒ်မခွဲ (ဂ)၊ အမှတ်စဉ် ၂၈ ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ)၊ အမှတ်စဉ် ၂၉နဲ့ ၃၀ ဖြစ်တဲ့ ပုဒ်မ ၁၂ ပုဒ်မခွဲ (က)နှင့် (ခ)၊ အမှတ်စဉ် ၃၇ ပုဒ်မ ၁၉ ပုဒ်မခွဲ(ခ)၊ အမှတ်စဉ် ၄၀နဲ့ ၄၁ ဖြစ်တဲ့ ပုဒ်မ ၂၂ ပုဒ်မခွဲ (က)နဲ့(ခ)၊ အမှတ်စဉ် ၄၂ ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် ၁၊ ပုဒ်မခွဲငယ် ၂ နဲ့ပုဒ်မခွဲငယ် ၃၊ အမှတ်စဉ် ၄၅ ဖြစ် တဲ့ ပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ)၊ အမှတ်စဉ် ၄၇ ဖြစ်တဲ့ ပုဒ်မခွဲ (စ)၊ အမှတ်စဉ် ၄၈ ဖြစ်တဲ့ ပုဒ်မခွဲ (ဆ)၊ အမှတ်စဉ် ၄၉ ဖြစ်တဲ့ ပုဒ်မခွဲ (ဇ)၊ အမှတ်စဉ် ၅၂ နဲ့ ၅၃ ဖြစ်တဲ့ ပုဒ်မ ၂၄ ပုဒ်မခွဲ(က)နဲ့ (ခ)၊ အမှတ်စဉ် ၅၄ ဖြစ်တဲ့ ပုဒ်မ ၂၅၊ အမှတ်စဉ် ၆၄ ဖြစ်တဲ့ ပုဒ်မ ၄၀၊ အမှတ်စဉ် ၆၅၊ ၆၆၊ ၆၇ ဖြစ်တဲ့

ပုဒ်မ ၄၀ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မခွဲ (ဃ)၊ အမှတ်စဉ် ၆၈ ဖြစ်တဲ့ ပုဒ်မ ၄၂၊ အမှတ်စဉ် ၆၉ ဖြစ် တဲ့ ပုဒ်မ ၄၃ နှင့် အမှတ်စဉ် ၇၆ ဖြစ်တဲ့ ပုဒ်မ ၅၂ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် အတည်ပြုချက် ၃၅ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၃၅ ချက်အား ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၃၅ ချက်သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တ ရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားမယ်ဆိုသော်လည်း တစ်နာရီအထိကြာသွားပါတယ်။ မဏ္ဍိုင်ကြီးသုံးရပ်ရှိတဲ့နေရာမှာ ဥပဒေပြုမဏ္ဍိုင်ဟာ နံပါတ် (၁) ဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေဟာ နိုင်ငံနဲ့နိုင်ငံသားအကျိုးစီးပွားကို ဖြစ်ထွန်းစေသောဥပဒေများ၊ နိုင်ငံနဲ့နိုင်ငံသား အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သောဥပဒေများ ဖြစ်ထွန်းရေးအတွက် ကြိုးစားပြီး ဆောင်ရွက်နေကြသူများဖြစ်ပါတယ်။ ထွက်ပေါ်လာတဲ့ဥပဒေတွေဟာလည်း တရားမျှတပြီး အားလုံးလိုက်နာနိုင်တဲ့ ဥပဒေတွေလည်းဖြစ်ဖို့လိုပါတယ်။ ဒီနေ့ ဒီလိုဥပဒေများပြုတဲ့အခါမှာ အစွန်းတရားတွေရှောင်ပြီးတော့ သဟဇာတမျှမျှတတဖြစ်ဖို့အတွက် ပြီးခဲ့တဲ့ ရပ်နားချိန် မိနစ် ၃၀ ဆိုသော်လည်း တစ်နာရီသာသာအထိရောက်သွားပြီ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အခုလိုဆောင်ရွက်ခြင်းဟာ နိုင်ငံနဲ့နိုင်ငံသား အများအကျိုးဖြစ်သလို ကျန်တဲ့သက်ဆိုင်ရာတာဝန်ရှိတဲ့ သူများအတွက်လည်း အကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အစီအစဉ်များကို ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းထားကြသော ပြည်သူ့လွှတ်တော် နိုင်ငံသားများရဲ့မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်လေးဦးတို့က ပြင်ဆင်ချက်ရှစ်ချက်အား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးမှာဖြစ်ပါတယ်။ ယခု စတင်ဆောင်ရွက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွယ်ကူအောင် ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယားနဲ့ ဆက်လက်ပြီးဆောင်ရွက်သွားပါမယ်။ ကန့်လန့်ဖြတ်ဇယားခေါင်းစဉ်က ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူလပြဋ္ဌာန်းချက် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်နှင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက်ဇယားဖြစ်ပါတယ်။ စာမျက်နှာ ၃ အမှတ်စဉ် ၁၅ ဖြစ်ပါတယ်။ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ဆွေးနွေးတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ အမှတ်စဉ် ၁၅ အခန်း(၂)ပုဒ်မ ၃ မှာ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်ဦးရေ အနည်းဆုံးခုနစ်ဦးမှ အများဆုံး ၁၅ ဦးအထိပါဝင်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းရမည်လို့ ပြန်လည်ပြင်ဆင်ထားပါတယ်။ ဒါဟာ ကျွန်မအနေနဲ့ အဓိပ္ပာယ်ကွဲပြားမှုမရှိပါဘူး။ စကားလုံးချုံ့ခြင်းသာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခု ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ပြင်ဆင်အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်စန္ဒာမင်း တင်သွင်းတဲ့ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်ကသဘောတူပါသလား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဒေါ်စန္ဒာမင်း၊ ဇမ္ဗူသီရိမဲဆန္ဒနယ်ကတင်သွင်းတဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄ အမှတ်စဉ် ၁၈ ဒေါက်တာဒေါ်မေဝင်းမြင့်၊ မရမ်းကုန်းမဲဆန္ဒနယ် ပြင်ဆင်အဆိုပြုချက် တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်မေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် မူကြမ်း အခန်း(၂) ပုဒ်မ ၄ အပိုဒ်(စ)မှာ နိုင်ငံတော်သမ္မတသည် ကော်မရှင်ဖွဲ့စည်းနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်ဆိုသောနေရာတွင် ပြည်ထောင်စု လွှတ်တော်မှ ကိုယ်စားလှယ်နှစ်ဦးပါဝင်ရမည်ဟူသော မူလပြဋ္ဌာန်းချက်အစား အမျိုးသားလွှတ်တော် က မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဟုပြင်ဆင်ချက်ပြုလုပ်ထားပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ပြည်သူလူထု၏အခွင့်အရေးများနှင့်ပတ်သက်သောကိစ္စရပ်များကို ဆောင်ရွက်မည်ဖြစ် သောကြောင့် ပြည်သူလူထုက ယုံကြည်လက်ခံသောအဖွဲ့အစည်းဖြစ်ရန်လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများကိုကိုယ်စားပြုသော ပြည်ထောင်စုလွှတ်တော်မှကိုယ်စားလှယ်နှစ်ဦးဟု မူလပြဋ္ဌာန်းချက် အတိုင်းအတည်ပြုပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်မေဝင်းမြင့် ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်ကသဘောတူပါသလား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ဒေါက်တာဒေါ်မေဝင်းမြင့် ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ပြင်ဆင်အဆိုပြုချက်တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ကျွန်မပြင်ဆင်မှာက အမှတ်စဉ် ၂၀ အခန်း (၂) ပုဒ်မ ၄ ပါပဲ။ ဒီဟာမှာ ကျွန်မတို့အနေနဲ့ မူလ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦးဆိုတာကို ကျွန်မအနေနဲ့ပယ်ဖျက်ထားပါတယ်။ ဘာဖြစ်လို့ပယ်ဖျက်ရသလဲဆိုတော့ ဒီဟာက ကော်မရှင်ကို ဖွဲ့စည်းတာမဟုတ်ပါဘူး။ ကော်မရှင်လောင်းကို စိစစ်ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းမှုပဲဖြစ်ပါတယ်။ အခုနက ဒေါက်တာဒေါ်မေဝင်းမြင့် ဖော်ပြသွားပြီးတဲ့အတိုင်းပဲ ဒီဥပဒေနဲ့ ဒီကော်မရှင်လောင်းမှာ ကော်မရှင်ကိုဖွဲ့စည်းတဲ့နေရာမှာ ကျွန်မတို့ ဥပဒေနဲ့အညီဖွဲ့စည်းထားသော အစိုးရမဟုတ်တဲ့အဖွဲ့အစည်းမှ ကိုယ်စားလှယ်နှစ်ဦးကလည်း ပါဝင်ပြီးဖြစ်တဲ့အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကိုယ်စားလှယ်တစ်ဦးက ပါဝင်ဖို့မလိုအပ်တော့ပါဘူးလို့ ကျွန်မအနေနဲ့ ပြင်ဆင်ချင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြောင်းပြီးတော့ မေးခွန်းမေးပါ့မယ်။ ဒေါ်စန္ဒာမင်း၊ ဇမ္ဗူသီရိပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်စန္ဒာမင်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၈ အမှတ်စဉ် ၃၅ ဒေါက်တာဒေါ်မေဝင်းမြင့် ပြင်ဆင်အဆိုပြုချက်တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်မေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး

ကော်မရှင်ဥပဒေကြမ်း အခန်း(၃) ပုဒ်မ ၁၈ တာဝန်မှရပ်စဲခြင်း အပိုဒ်(ဃ)၌ ကော်မရှင်၏ရည်မှန်းချက်များ ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ပြုမူဆောင်ရွက်ခြင်းဟု ပါရှိပါတယ်။ အမျိုးသားလွှတ်တော်က မူလပြဋ္ဌာန်းချက်အတိုင်းဟု ပြင်ဆင်ထားပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကော်မရှင်၏ ရည်မှန်းချက်များ ပျက်ပြားစေရန်ဆိုသော စကားရပ်၏အဓိပ္ပာယ်မှာ ကျယ်ဝန်းလှပါတယ်။ ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ပြုမူဆောင်ရွက်မှုများအပေါ် မလိုလျှင်မလိုသလို အကြောင်းပြထုတ်ပယ်နိုင်ပါတယ်။ သို့ဖြစ်ပါ၍ မူလပြဋ္ဌာန်းချက် (ဃ) အပိုဒ်နေရာ၌ ကော်မရှင်ကချမှတ်ထား သောစည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်းဟူသော စာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဒီအဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာဒေါ်မေဝင်းမြင့် ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သဃ်န်းကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့် ပြင်ဆင်အဆိုပြုချက်တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရင်ဆုံး ကျွန်တော်တင်ပြချင်တဲ့အချက်က ဒီ ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင်တုန်းကဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့လူ့အခွင့်အရေး စံချိန်စံနှုန်းတွေကို အကဲဖြတ်တဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံက လက်မှတ်ရေးထိုးခဲ့တဲ့ ကုလသမဂ္ဂရဲ့နိုင်ငံတကာ လူ့အခွင့်အရေးကြေညာစာတမ်းဖြန့်ဝေတာကိုပင်လျှင် ပြစ်မှုကြောင်းဖြင့် အရေးယူခဲ့တဲ့ဖြစ်ရပ်မျိုးကို ကျွန်တော်တို့ကြုံတွေ့ခဲ့ရပါတယ်။ အခု ဒီဘက်ပိုင်းမှာကတော့ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၁)ဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတဲ့အခါမှာ အဲ့ဒီတစ်ချိန်တုန်းက ပြစ်မှုကြောင်းဖြင့် အရေးယူဖို့အထိကြုံခဲ့တဲ့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို မနှစ်တုန်းက ဧပြီလ ၁၇ ရက်နေ့မှာဖြန့်ဝေပြီးတော့ အခုဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေအထိပေးပို့နိုင်တဲ့ အဆင့်ရောက်လာပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးအတွက် အင်မတန်ကောင်းမွန်တဲ့ လက္ခဏာတစ်ရပ်

ဖြစ်တယ်ဆိုတာကို ဦးစွာ ကျွန်တော် တင်ပြလိုပါတယ်။ နောက်ဒုတိယအချက်ကတော့ ကျွန်တော် ဘာကြောင့် ဒီပြင်ဆင်မှုကိုတင်ရသလဲဆိုရင် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဟာ ဒီအမိန့်ကြော်ငြာစာနဲ့ဖွဲ့ထားတဲ့အချိန်မှာ နိုင်ငံသားတွေရဲ့နစ်နာဆုံးရှုံးမှုတွေ အများကြီးနဲ့ပတ်သက်ပြီး တိုင်ကြားစာတွေရခဲ့တဲ့ အဖွဲ့အစည်းပါ။ ဟိုမှာ ကျွန်တော့်ဆီ အခုဒီနှစ်မှာပဲပေးပို့တဲ့ နိုင်ငံသားတစ်ဦးအား ဥပဒေမဲ့ဖမ်းဆီးထောင်ချတယ်။ မိသားစုပိုင်ပစ္စည်းကို သိမ်းယူတယ်။ ဖခင်အား သတ်ဖြတ်မှုမှာ တရားရုံးက စီရင်ခြင်းမရှိဘူး။ တရားဥပဒေနဲ့ ဆုံးဖြတ်တဲ့အတွက် နိုင်ငံသားအခွင့်အရေးနစ်နာပါတယ်ဆိုပြီးတော့ ထားဝယ် ဦးကျော်သိန်းကနေ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို တိုင်ကြားစာပို့ပါတယ်။ ပို့တော့ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ဘယ်လိုပြန်လည် ပြန်ကြားသလဲဆိုတော့ လူကြီးမင်း၏ တိုင်ကြားစာအား ယခုတစ်ကြိမ်နဲ့ပါဆိုလျှင် နှစ်ကြိမ်တိုင်တိုင် တင်ပြပေးထားခြင်းအစည်းအဝေးထိုင်ပြီးကြောင်း အကြောင်းပြန်ပါတယ်ဆိုပြီးတော့ ဒီမရေရာတဲ့ အဖြေမျိုးကို နိုင်ငံသားတွေအတွက် ပေးခဲ့ပါတယ်။ ဒါ့ကြောင့် အခု ကျွန်တော်တို့ ဒီဥပဒေပြဋ္ဌာန်းတဲ့အခါမှာ အခြေခံဥပဒေကပေးထားတဲ့နိုင်ငံသားအခွင့်အရေးတွေကို ပေးသာပေး၍မရဆိုတာမဖြစ်ဖို့အတွက် ဒီမြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ လုပ်ငန်းတာဝန်တွေထဲမှာ ကျွန်တော်တို့ ထည့်သွင်းပြဋ္ဌာန်းပေးဖို့လိုပါတယ်။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုင်းနိုင်ငံမှာဆိုရင် လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာပင် အခြားအဖွဲ့အစည်းများ အခန်းကဏ္ဍကနေ ထည့်သွင်းပြဋ္ဌာန်းပေးပြီးတော့ ဒီတိုင်ကြားစာနဲ့ပတ်သက်ပြီး ကော်မရှင်ကပင်လျှင် တရားရုံးကို တရားစွဲဆိုတဲ့အထိ ဆောင်ရွက်ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အခုတင်သွင်းထားတဲ့ဥပဒေကြမ်းမှာ တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ လူ့အခွင့်အရေးဖောက်ဖျက်မှုဖြစ်ပွားကြောင်း သိရှိသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်လောက်နဲ့ဆိုရင်တော့ အင်မတန်များပြားနေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုခံနေရတဲ့ နိုင်ငံသားတွေရဲ့တိုင်ကြားချက်ကို ဖြည့်ဆည်းပေးနိုင်မှာမဟုတ်ပါဘူး။ အဲ့ဒါကြောင့် ထိုင်းနိုင်ငံရဲ့အခြေအနေမျိုး ကျွန်တော်တို့ မဆောင်ရွက်ပေးနိုင်ရင်တောင် ကျွန်တော် ဘာပြင်ဆင်ထားသလဲဆိုတဲ့ အခါကျတော့ လိုအပ်ပါက နစ်နာသူများကိုကူညီဆောင်ရွက်ပေးခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်လုပ်ငန်းတာဝန်ကို ထည့်သွင်းပေးဖို့လိုပါတယ်။ ဒါမှသာလျှင် အခု ကျွန်တော်တို့မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းဟာ နိုင်ငံသားတွေရဲ့အခွင့်အရေးကို ယူပေးနိုင်မယ့်ဥပဒေကြမ်းအဖြစ် တစ်စိတ်တစ်ဒေသ အာနိသင်ရှိလာမယ်လို့ ထင်မြင်တဲ့အတွက် ဒီအခန်း(၄) ပုဒ်မ ၂၂ ပုဒ်မခွဲ(ဃ)ကို အထက်ပါ

အတိုင်း ကျွန်တော် ပြင်ဆင်ချက်တင်သွင်းခြင်းဖြစ်ပါတယ်။ အဲ့ဒါကို လွှတ်တော်က လက်ခံပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီနှင့် ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်တို့ကို ကြိုတင်ညှိနှိုင်းထားချက်အရ ကျွန်တော်တို့ အစည်းအဝေး လည်းထိုင်ခဲ့ပါတယ်။ ဒီကော်မရှင်ရဲ့လုပ်ပိုင်ခွင့်နေရာမှာ တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရ သတင်းအရဖြစ်စေဖြစ်ပွားကြောင်း နေရာကို မူလကစစ်ဆေးရုံပဲတာဝန်ရှိနေသလိုဖြစ်နေပါတယ်။ အဲ့ဒီ တော့ စစ်ဆေးပြီးလို့မှန်ကန်လို့ရှိရင်တော့ လိုအပ်ချက်အရ နစ်နာသူများကို ကူညီဆောင်ရွက်ပေးခြင်း ဆိုတဲ့အချက်လေးဟာ ပိုမိုကောင်းမွန်သလို ဒါနိုင်ငံတော်အတွက်လည်း အရေးကြီးတဲ့အချက်ဖြစ်လို့ ဝိုင်းဝန်းညှိနှိုင်းပြီးတော့ အကောင်းဆုံးစာသားကို ရွေးချယ်ခြင်းဖြစ်လို့ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီအနေနဲ့ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် အဆိုပြုတင်ပြချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသိန်းညွန့်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၅ အမှတ်စဉ် ၆၂ ဒေါက်တာဒေါ်မေဝင်းမြင့် ပြင်ဆင်အဆိုပြုချက် တင်သွင်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေမူကြမ်း အခန်း(၅) အပိုဒ် ၃၇ မှာ ကော်မရှင်သည် ပေးပို့ရမည်ဆိုသော ယင်းဌာန အဖွဲ့အစည်းသည် ကော်မရှင်၏အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်းသည့် အရေးယူဆောင်ရွက် ချက်များကို သင့်လျော်သောအချိန်ကာလအတွင်း ကော်မရှင်သို့ပြန်ကြားရမည်ဟုပါရှိပါတယ်။ အမျိုး သား လွှတ်တော်ကနေပြီးတော့ မူလပြဋ္ဌာန်းချက်အတိုင်းဟု ပြင်ဆင်ထားပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ သင့်လျော်သောအချိန်ကာလဟုသတ်မှတ်ပေးထားပါလျှင် အချိန်ဆွဲ၍ အမှုကြန့်ကြာ မှုဖြစ်နိုင်ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရသူတို့က တိုင်ကြားသူမှာ အချိန်ကြာလာသည်နှင့်အမျှ ပိုမိုနစ်နာနိုင်တဲ့အတွက် အချိန်ကိုသတ်မှတ်ပေးဖို့လိုပါတယ်။ သို့ဖြစ်ပါ၍ ယင်းဌာနအဖွဲ့အစည်းသည်

ကော်မရှင်၏အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်းသည့် အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေတွေကို ရက်ပေါင်း ၃၀ အတွင်း ကော်မရှင်သို့ပြန်ကြားရမည်ဟူသော စာသားဖြင့် အစားထိုးပြင်ဆင်ပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဥပဒေကြမ်းကို စိစစ်တဲ့အချိန်မှာကော်မရှင်က လူ့အခွင့်အရေးချိုးဖောက်တဲ့ဌာနများကို စစ်ဆေးတွေ့ရှိလို့ရှိရင် သူတို့က အကြံပြုတိုက်တွန်းချက်များကို ပေးပို့ရမှာဖြစ်ပါတယ်။ ပေးပို့ပြီးလို့ရှိရင် ပေးပို့တဲ့ဆောင်ရွက်ချက်များကို မူလသင့်လျော်တဲ့ကာလအတွင်းဆိုတဲ့ မရေရာတဲ့ကာလဖြစ်နေတော့ ဒါ ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်းမဲဆန္ဒနယ်ကတင်ပြသလို အချိန်လေးလိုအပ်တယ်ဆိုတာကို ကျွန်တော်တို့ စဉ်းစားရရှိပါတယ်။ ဒါကြောင့်မို့လို့ အခြေအနေကိုရက်ပေါင်း ၃၀ အတွင်းမှာ ကော်မရှင်ကို ပြန်ကြားရမယ်လို့ ကျွန်တော်တို့ ညှိနှိုင်းတိုင်ပင်ပြီးတော့ ဖြည့်စွက်ထားခြင်းဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီအနေနဲ့ သဘောတူပါကြောင်း၊ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်းမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၈ အမှတ်စဉ် ၇၂ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဝင်း(အတွင်းရေးမှူး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေ့လာရေးရောက်ရှိလာသော ဧည့်သည်တော်များအားလုံးကို ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ရဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး

ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီကိုယ်စား ပြင်ဆင်ချက်ကို တင်သွင်းခွင့်ပြု ပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ကျွန်တော်တို့ အမှတ်စဉ် ၇၂ အခန်း(၇) ပုဒ်မ ၅၀ ကျွန်တော်တို့ မူလဥပဒေမှာ အခန်း(၇) ဘဏ္ဍာရေးဖြစ်ပါတယ်။ အဲဒီဘဏ္ဍာရေးကို ကျွန်တော့်အနေနဲ့ အခန်း(၇) ငွေကြေးစီမံခန့်ခွဲရေးလို့ ကျွန်တော်တို့ ကော်မတီကနေပြီးတော့ ပြင်ဆင်ချက်ကို တင်ပြအပ်ပါတယ်။ အဲဒီပြင်ဆင်ရတဲ့အကြောင်းအရင်းကတော့ ဘဏ္ဍာရေးအား ငွေစီမံခန့်ခွဲမှုဟု ပြင်ဆင်ရခြင်းမှာ ဥပဒေကြမ်းကော်မတီသည် ပုဒ်မ ၂၄ ပုဒ်မခွဲ(ခ)ရှိ ဘဏ္ဍာရေးစကားရပ်အား ငွေကြေးစီမံခန့်ခွဲမှုဟု ပြင်ဆင်ထားပါသဖြင့် ရှေ့နောက်ညီညွတ်စေရန်လည်းကောင်း ဘဏ္ဍာရေး သည်ဘတ်ဂျက်ကိုရည်ညွှန်းသဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အစိုးရ လက်အောက်ရှိ ဌာနတစ်ခုမဟုတ်ဘဲ သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဘတ်ဂျက်ငွေဖြင့် သုံးစွဲ၍မရပါ။ အစိုးရသည် သီးခြားရန်ပုံငွေမှ ထောက်ပံ့ရမည်ဖြစ် ပါသည်။ ဒါကြောင့် ဘဏ္ဍာရေးခေါင်းစဉ်အား ငွေကြေးစီမံခန့်ခွဲရေးဟု ပြင်ပေးပါရန် ကျွန်တော်တို့ ကော်မတီကနေပြီးတော့ အဆိုပြုတင်သွင်းခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် ပြင်ဆင်ချက် ပုဒ်မ ၄၆ မှာ နိုင်ငံတော်သည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ကော်မရှင်က ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အလို့ငှာ လိုအပ်သော ဘဏ္ဍာငွေကို ထောက်ပံ့ရမည်ဟု မူလမှာပါရှိပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့ပြင်ဆင်လိုတာကတော့ နိုင်ငံတော်သည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ကော်မရှင်ကထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အလို့ငှာ လိုအပ်သောငွေကြေးကို ထောက်ပံ့ရမည်ဟု ကျွန်တော်တို့ပြင်ဆင်ချက် ကို တင်သွင်းခြင်းဖြစ်ပါတယ်။ ပြင်ဆင်ရတဲ့အကြောင်းအရင်းကတော့ လိုအပ်သောဘဏ္ဍာငွေကို ထောက်ပံ့ရမည်စကားအရ ဟာလိုအပ်သောငွေကြေးကို ထောက်ပံ့ရမည်ဟု ပြင်ဆင်ခြင်းသည် ဥပဒေတွင် ရှေ့နောက်စကားရပ်များညီညွတ်စေရန်နှင့် ငွေကြေးဟုပြင်ဆင်ခြင်းဖြစ်ကြောင်း တင်ပြ အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဟာသီးခြားလွတ်လပ်သော အဖွဲ့အစည်းဖြစ်တဲ့အတွက် သီးခြားလွတ်လပ်စွာဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးဆိုတဲ့အသုံးအနှုန်းများထက်စာရင် ငွေကြေး သုံးစွဲမှုလို့ စကားရပ်သုံးစွဲပြီးတဲ့အပြင် ဒါစာရင်းစစ်ဆေးခြင်းကိစ္စရပ်များအပေါ်မှာပါ လွတ်လပ်စွာ

ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီအနေနဲ့ ငွေကြေးကိုထောက်ပံ့ရမည်လို့ သုံးစွဲခြင်းကို သဘောတူကြောင်း တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က ယခုတင်ပြတဲ့ပြင်ဆင်အဆိုပြုချက်အပေါ် ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ ၂၀ အမှတ်စဉ် ၈၃ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ ပြင်ဆင်အဆိုပြုချက်တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးကျော်သီဟ(ပြင်ဦးလွင်မဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးဥပဒေကြမ်း စာမျက်နှာ ၂၀ အခန်း(၉) အထွေထွေခေါင်းစဉ်အောက်မှာ အသစ်ဖြည့်စွက်ခြင်းနှင့်ပတ်သက်ပြီးတင်ပြမှာ ဖြစ်ပါတယ်။ ဒီ အသစ်ဖြည့်စွက်ရတဲ့အကြောင်းက အခန်း(၆) အစည်းအဝေးများကျင်းပခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ အစည်းအဝေးတွေကျင်းပတဲ့အကြောင်းအရာတွေနဲ့ပတ်သက်ပြီးတော့မှ ပုဒ်မ ၄၅ ကနေ ပုဒ်မ ၄၉ အထိ အစည်းအဝေးများကျင်းပခြင်းကို ထည့်သွင်းရေးဆွဲခဲ့တဲ့ မူလပြဋ္ဌာန်းချက်ရှိပါတယ်။ အဲဒီမှာ ပုံမှန်အစည်းအဝေးကို ကော်မရှင်ဥက္ကဋ္ဌက သတ်မှတ်တဲ့ နေရာနဲ့အချိန်မှာ အနည်းဆုံးတစ်လတစ်ကြိမ်ကျင်းပရမည်။ လိုအပ်တယ်ဆိုလို့ရှိရင် အထူးအစည်းအဝေး ဒါမှမဟုတ် အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပရမယ်။ ပုဒ်မ ၄၆ မှာဆိုလို့ရှိရင် အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင်အားလုံးတက်ရမယ်။ မလွှဲမရှောင်သာတဲ့အခြေအနေကြောင့် ကော်မရှင်အဖွဲ့ဝင်တချို့ အစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိဘူးဆိုလို့ရှိရင် ကော်မရှင်အဖွဲ့ဝင်စုစုပေါင်းဦးရေရဲ့ သုံးပုံနှစ်ပုံတက်ရင် အစည်းအဝေးအထမြောက်စေရမယ်။ ပုဒ်မ ၄၇ မှာ အစည်းအဝေးကော်မရှင်ဥက္ကဋ္ဌသည် အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်ရမယ်။ ကော်မရှင်ဥက္ကဋ္ဌ အစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိပါက ဒုတိယဥက္ကဋ္ဌကလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌကလည်း အစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိပါက ကော်မရှင်ဥက္ကဋ္ဌက တာဝန်လွှဲအပ်သောကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကလည်းကောင်း သဘာပတိအဖြစ်ဆောင်ရွက်ရမည်ဆိုတဲ့အပြင် ပုဒ်မ ၄၈ မှာ အစည်းအဝေး၌ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆွေးနွေးညှိနှိုင်းပြီး ကန့်ကွက်သူမရှိ ဆုံးဖြတ်ချက်ကိုချမှတ်ရမယ်။ အကယ်၍ ကန့်ကွက်သူမရှိစေရန် အကြိမ်ကြိမ်ညှိနှိုင်းသော်လည်း အောင်မြင်မှုမရရှိပါက မဲခွဲဆုံးဖြတ်ရမည်။ ထိုသို့မဲခွဲဆုံးဖြတ်ရာတွင်

မဲပေးသူစုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံထောက်ခံမဲဖြင့်အတည်ပြုဆုံးဖြတ်ရမည်။ ပုဒ်မ ၄၀ ကို ကော်မရှင်သည် အစည်းအဝေးကျင်းပခြင်းနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းလုပ်ငန်းများကို ရေးဆွဲသတ်မှတ်ရမည်။ အစည်းအဝေးမှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည်ဆိုပြီးတော့မှ မူလပြဋ္ဌာန်းချက်မှာပါပါတယ်။ သို့သော် အဲဒီမူလပြဋ္ဌာန်းချက်မှာပါတဲ့ အစည်းအဝေးကျင်းပခြင်းနှင့်ပတ်သက်တဲ့ဟာအကုန်လုံးကိုပယ်ဖျက်ထားပါတယ်။ ဒီအစည်းအဝေးကျင်းပတာဟာ တာဝန်ယူတာထက်ကို တကယ်တမ်းနေရာရတာထက်ကို တာဝန်အနေနဲ့အလုပ်လုပ်ရမယ့်အချက်တွေ အတိအကျပါထားပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းမှာ အဲ့ဒီအစည်းအဝေးကျင်းပခြင်းတစ်ခုလုံး ပျက်သွားတဲ့အတွက် အဲ့ဒီနေရာမှာ အဲ့ဒါကလည်း နည်းဥပဒေမှာ ပြန်လည်ရေးဆွဲမယ်ဆိုပြီးတော့မှ အဲ့ဒီဟာကိုပယ်ဖျက်ထားတာဖြစ်ပါတယ်။ အဲ့ဒီအစည်းအဝေးကျင်းပမယ့် အချက်အလက်တွေဟာ အင်မတန်လည်းကောင်းပါတယ်။ အဲ့ဒီအချက်နှင့်ပတ်သက်ပြီးတော့မှ ပြန်လည်ပြီးတော့မှ ရေးဆွဲတဲ့နေရာမှာ ပါဝင်နိုင်ဖို့အတွက် ကျွန်တော်က ဖြည့်စွက်တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စာမျက်နှာ ၂၀ အခန်း(၉) အထွေထွေအောက်မှာ အသစ်ဖြည့်စွက်ခြင်းအနေနဲ့ ကော်မရှင်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်ဆိုပြီး အသစ်ဖြည့်စွက်ဖို့ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့လုပ်ငန်းများ အသက်ဝင်လှုပ်ရှားမှုရှိစေရေးနှင့် မဖြစ်မနေဆောင်ရွက်ကြဖို့ တိုက်တွန်းတဲ့ပြဋ္ဌာန်းချက်လည်း ဖြစ်ပါတယ်။ ကော်မရှင်အစည်းအဝေးများ သတ်မှတ်ချက်များနှင့်အညီကျင်းပရေးအတွက် မူလရေးထားတဲ့ ဥပဒေအပေါ်မှာ ကျွန်တော်တို့က နည်းဥပဒေရေးမှာဖို့အတွက်သတ်မှတ်ချက်များနှင့်အညီဆိုပြီးတော့ ချိတ်ထားတဲ့ ပြဋ္ဌာန်းချက်လည်းဖြစ်ပါတယ်။ ချိတ်ဆက်ပြဋ္ဌာန်းချက်လည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဦးကျော်သီဟ၊ ပြင်ဦးလွင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်အဆိုအား ဥပဒေကြမ်းကော်မတီကလည်း သဘောတူထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးကျော်သီဟရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျန်အပိုဒ်တွေကတော့ ဥပဒေကြမ်းကော်မတီက လွှတ်တော်ကိုတင်ပြပြီး သဘောတူညီချက်များ ရရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်အဆိုပြုချက်တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကို တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာစတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ကာကွယ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ ရဲညွှန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ တ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က) အရ ကာကွယ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေကို ရုတ်သိမ်းသည့် ဥပဒေကြမ်းကိုတင်သွင်းရန် ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီး ဌာနအားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဗိုလ်ချုပ်ကျော်ညွှန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ ရိုသေစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွှန့်ပဲဖြစ်ပါတယ်။ ကနေ့ ကျွန်တော့်အနေနဲ့ကတော့ The Myanmar Auxiliary Force Act Vol 2 မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေရုပ်သိမ်းရေးနဲ့ ပတ်သက်လို့ တင်ပြ

ဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိတဲ့ The Myanmar Auxiliary Force Act Vol 2 မြန်မာနိုင်ငံရဲ့ရန်တပ်ဖွဲ့ဥပဒေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီက ပြဋ္ဌာန်းခဲ့တဲ့ဥပဒေဖြစ်ပြီးတော့ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာပဲ ဆက်လက် ကျင့်သုံးခဲ့တာပဲဖြစ်ပါတယ်။ ဒီဥပဒေမှာဆိုရင် မြန်မာနိုင်ငံရဲ့ရန်ဖွဲ့စည်းပြီး တပ်ဖွဲ့ဝင် တစ်ဦးစီလိုက်နာ ရမယ့်စည်းကမ်းတွေ သင်တန်းတက်ရောက်ခြင်း၊ ဆေးစစ်ခြင်းဆိုင်ရာ၊ နေထိုင်ရာဒေသ ပြောင်းရွှေ့ ခြင်းနဲ့ပတ်သက်တဲ့ အကြောင်းအရာများကို ပြဋ္ဌာန်းထားတာပဲဖြစ်ပါတယ်။ ယခုအခါမှာ ပြောင်းလဲလာ တဲ့ ခေတ်အခြေအနေနဲ့ ဆီလျော်မှုမရှိတော့တဲ့အတွက် ကျွန်တော်တို့ဆက်လက် ကျင့်သုံးရန်မလိုအပ် တော့တဲ့အတွက် ရုပ်သိမ်းနိုင်ရေးအတွက် ယခုလို ပြည်သူလွှတ်တော်မှာ စတင်တင်ပြခြင်းပဲ ဖြစ်ပါ တယ်။ ဒီဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အချက်များကို ကျွန်တော့်အနေနဲ့ အချိန်ကို ငဲ့ညှာသောအားဖြင့် အကြမ်းဖျင်းလေးကျွန်တော် ကောက်နုတ်တင်ပြသွားမှာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ရန်တပ်ဖွဲ့ဝင် ရောက်ရန် အရည်အချင်းမှာဆိုရင် အသက် ၁၆ နှစ်ပြည့်ပြီး တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင် မဟုတ်သူများသည် သတ်မှတ်ချက်များကို သဘောတူညီပါက နိုင်ငံသားတိုင်းဝင်ရောက်နိုင်ပါတယ်။ နောက်တပ်ဖွဲ့မှနှုတ်ထွက်ခြင်းမရှိသည့် အချိန်ကာလအထိ စစ်ရေး၊ လေ့ကျင့်ရေးတက်ရောက်ရမည် ဆိုပြီးတော့ ကနေ့ ကျွန်တော်တို့အသက် ၁၈ နှစ်ပြည့်မှ စစ်မှုထမ်းဆောင်ရမည်ဆိုတဲ့ အချက်နဲ့ပဲ ကျွန်တော်တို့ ဆန့်ကျင်နေပါတယ်ခင်ဗျား။ နောက်တစ်ပိုင်းကတော့ ကျွန်တော်တို့ အဆင့်သတ်မှတ် ချက် အခန်း(၁၀) မှာဆိုရင် နိုင်ငံတော်သမ္မတသည် လိုအပ်သည့်လေ့ကျင့်ရေး သင်တန်းသို့တက် ရောက်ရန် အတွက်သတ်မှတ်သည်ဟု ဖော်ပြပါရှိပါတယ်။ နောက်တစ်ပိုင်းမှာဆိုရင် ကျွန်တော်တို့ Section 23 ပြစ်ဒဏ်ချိုးဖောက်ခြင်းမှာဆိုရင် ကျွန်တော်တို့ တပ်ဖွဲ့ဝင်တစ်ဦးဟာ အောက်ဖော် ပြပါအကြောင်းအရာများငြင်းဆိုခဲ့ပါက ဒဏ်ငွေကျပ် ၅၀(၅၀ရူပီး)ကျခံစေရမည်ဆိုပြီးတော့ တပ်ဖွဲ့ဝင် များခန့်အပ်တဲ့နေရာမှာ ငြင်းဆန်မှုတို့၊ နောက်ဆေးစစ်ခြင်းမပြုလုပ်တာတို့ နေရပ်ပြောင်းရွှေ့ တာဝန် ချတဲ့အခါမှာ မသွားတဲ့အခါကျရင် ဒဏ်ငွေသတ်မှတ်ချက်ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် Section 24 မှာ ဆိုရင်အမိန့်မနာခံခြင်း ရဲရန်တပ်ဖွဲ့အတွက်သီးသန့်အမိန့်လိုက်နာရန် ပျက်ကွက်ခြင်း၊ အရက် သေစာ သောက်စားမူးယစ်ခြင်းများအတွက် ကျပ် ၂၀၀(၂၀၀ရူပီး)ဒဏ်ငွေကျခံ စေခြင်းဆိုပြီးတော့ ပါ ရှိပါတယ်။ Section 27 မှာတော့ အကျဉ်းနည်းနှင့်သေးငယ်သော ပြစ်မှုများကို နိုင်ငံတော်သမ္မတမှ ပြစ်မှုများအား ပြဋ္ဌာန်းနိုင်သည်လို့ ပါရှိပါတယ်။ Section 28 မှာဆိုရင် နိုင်ငံတော်သမ္မတသည် ရဲရန်တပ်ဖွဲ့များစုဆောင်းရန်အတွက် စစ်ဖက်ဧရိယာတစ်ခုအတွင်း ကျွမ်းကျင်သူ စစ်ဖက်တာဝန်ရှိသူ

အပါအဝင် အဖွဲ့ဝင် သုံး ဦး၊ သုံး ဦးနှင့်အထက်ပါသည့် Advisory ကော်မတီကိုနှစ်စဉ် ဖွဲ့စည်းရမည်ဟုပါရှိပါတယ်။ Section 29 မှာတော့ ကျွန်တော်တို့ နိုင်ငံတော်သမ္မတသည် တပ်ဖွဲ့များဖွဲ့စည်းခြင်းနှင့် ဖျက်သိမ်းခြင်းများကို လုပ်ဆောင်နိုင်သည်။ Section 30 မှာတော့ နိုင်ငံတော်သမ္မတသည် ဤရဲညွှန့်တပ်ဖွဲ့ဥပဒေ ဆောင်ရွက်နိုင်ရန်စည်းမျဉ်းဥပဒေလည်း ချမှတ်နိုင်သည်ဟု ပါရှိထားတာဖြစ်ပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် ကျွန်တော်တို့ ဒီပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ယနေ့ခေတ်ကာလနှင့်ဆီလျော်မှုမရှိတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုပါဥပဒေရုပ်သိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဥပဒေများပြန်လည်စိစစ်ရေး၊ ရေးဆွဲရေးအဖွဲ့ကနေပြီးတော့ စိစစ်အတည်ပြုပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ရုပ်သိမ်းနိုင်ဖို့အတွက် ကျွန်တော်တို့ သဘောထားတောင်းခံခဲ့ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်း ကန့်ကွက်ရန်မရှိကြောင်းပါရှိတဲ့အတွက် ကျွန်တော်တို့ နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်တင်ပြတဲ့အခါမှာ ဒီဥပဒေအား ရုပ်သိမ်းရန်ခွင့်ပြုပါကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြသွားရန်အကြောင်းကြားလာတဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့စည်းအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၄) မှာတင်ပြခဲ့ပြီးတော့ ခွင့်ပြုချက်လည်း ရရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ကာကွယ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိတဲ့ The Myanmar Auxiliary Force Act Vol 2 မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေအား ပြောင်းလဲလာသည့်ခေတ်ကာလ အခြေအနေနှင့်အညီ ဆီလျော်မှုမရှိတော့တဲ့အတွက် ရုပ်သိမ်းခွင့်ပြုပါရန် ပြည်သူ့လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။(သြဘာသံများ)

## မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့စိစစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို ( အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဖိတ်ကြား ထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဝင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စားကော်မတီ၏ တာဝန်ပေးအပ်ချက်အရ မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့ လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့လာသည့် မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရန် ပေးပို့လာခဲ့ပါသည်။

၂။ ကာကွယ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိသော The Myanmar Auxiliary Force Act မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေကို အင်္ဂလိပ်အစိုးရလက်ထက်က ပြဋ္ဌာန်းခဲ့ပါသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း ယင်းဥပဒေကို ကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက်စီမံခန့်ခွဲလျက်ရှိခဲ့ပါ သည်။ ယင်းဥပဒေတွင် မူလပြဋ္ဌာန်းစဉ်က ပုဒ်မ ၃၄ ခုနှင့်ဇယား တစ်ခုပါရှိပါသည်။ ယခုအခါ ပြောင်း လဲလာသော ခေတ်ကာလအခြေအနေနှင့် ဆီလျော်မှုမရှိသဖြင့် ရုပ်သိမ်းနိုင်ရန် ဤဥပဒေကြမ်းကို တင်ပြလာခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၅-၁-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်းအစည်း အဝေးကျင်းပ၍ မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ကြရာ ပြောင်းလဲလာသော ခေတ် ကာလအခြေအနေနှင့်ဆီလျော်မှုမရှိသဖြင့် ရုပ်သိမ်းသင့်ပါကြောင်း သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ကာကွယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၆-၁-၂၀၁၄ ရက် နောက်ဆုံးထားပြီးအမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၂း၄၅ နာရီအချိန်တွင်ရပ်နားပါသည်။]